ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၃) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | Sunrise Law အကြောင်း တစေ့တစောင်း။ | ၄-၆ |
| ၃။ | ပြည်တွင်းတွင်ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအားတင်ပို့ခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၇ |
| ၄။ | ASEAN တွင် ပင်လယ်ရေကြောင်းဆိုင်ရာ နယ်နိမိတ်ဆွေးနွေးပွဲများ စတင်နိုင်မည့် ဖိလစ်ပိုင်နိုင်ငံ၏ဥပဒေသစ်(Maritime Zones Act)ကို တရုတ်နိုင်ငံက ကန့်ကွက်ခြင်း။ | ၈-၁၀ |
| ၅။ | အမေရိကန်ပြည်ထောင်စု၏ “တရားမဝင်တရားရုံးကို တန်ပြန်အရေးယူရေးအက်ဥပဒေ” (Illegitimate Court Counteraction Act) ဥပဒေကြမ်း။ | ၁၁-၁၃ |
| ၆။ | ဖိလစ်ပိုင်နိုင်ငံကပြဋ္ဌာန်းခဲ့သည့် ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေအသစ်များအား တရုတ်နိုင်ငံကကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း။ | ၁၄-၁၅ |
| ၇။ | တောင်တရုတ်ပင်လယ်ကျောက်တန်းတိုးချဲ့လာသဖြင့် မလေးရှားနိုင်ငံက ဗီယက်နမ်နိုင်ငံအပေါ် တိုင်ကြားချက်နှင့်စပ်လျဉ်း၍ တင်ပြခြင်း။ | ၁၆-၁၇ |
| ၈။ | သုံးစွဲသူများအပေါ် ကျသင့်ငွေထက်ပိုမိုတောင်းခံမှုများအတွက် တောင်းဆိုသည့်တရားမမှု စွဲဆိုမှုကို Apple က ဗြိတိန်နိုင်ငံတရားရုံးတွင် ရင်ဆိုင်နေရခြင်း။ | ၁၈-၁၉ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် အခွန်စည်းကြပ်ပြောင်းလဲကောက်ခံခြင်းအမိန့်ကြော်ငြာစာ၊ ပင်ရင်းဒေသကြိုတင်သတ်မှတ်ချက် (Advance Ruling on Origin)ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ထုတ်ပြန်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်၊ အမျိုးသားစံချိန်စံညွှန်းကောင်စီမှထုတ်ပြန်သည့် မြန်မာစံချိန်စံညွှန်းသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာတို့ကို လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၁၉၉၆ခုနှစ် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၃၈(ခ) အရ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ရရန်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်နည်းလမ်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့်ညွှန်ကြားချက်ကို ၂၇-၁၂-၂၀၂၄ ရက်နေ့က ညွှန်ကြားချက်အမှတ် ၃/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ဤညွှန်ကြားချက်သည် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်မှစ၍ သက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအရ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က လိုင်စင်ပေးအပ်ထားသည့် အာမခံလုပ်ငန်းလုပ်ကိုင်သူများနှင့်သက်ဆိုင်စေရမည်ဖြစ်ကြောင်း သိရှိရပါသည်။

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ ၁၀(ခ)နှင့်၃၃(က)တို့တွင်ပါရှိသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ အာမခံလုပ်ငန်းလုပ်ကိုင်သူများက ရင်းနှီးမြှုပ်နှံမှုနယ်ပယ်နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းမှုရှိစေရန်၊ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ဘဏ္ဍာရေးခိုင်မာမှုကိုသေချာစေရန်နှင့်ထိရောက်၍အကျိုးရှိသည့်ရရန်ပိုင်ခွင့်စီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ချက်များဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု တွေ့ရှိရပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၃) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်


မြန်မာနိုင်ငံတွင်းရှိ ငွေသားနှင့်ဘဏ်အပ်နှံငွေများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်နှင့်နေပြည်တော်ကောင်စီတို့မှထုတ်ဝေသည့်ငွေတိုက်စာချုပ်နှင့် ငွေချေးသက်သေခံလက်မှတ်များ၊ ငွေချေးစာချုပ်၊ ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့်ဒီဘင်ချာများ၊ ယင်းတို့နှင့်သက်ဆိုင်သည့်အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့် ဝရမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အခြေပစ္စည်း သို့မဟုတ် နိုင်ငံခြားငွေကြေးဖြင့်တန်ဖိုးသင့်ထားသောအခြားရရန်ပိုင်ခွင့်များသည် အာမခံလုပ်ငန်းလုပ်ကိုင်သူက နည်းဥပဒေများအရ သတ်မှတ်မထားသည့်ရရန်ပိုင်ခွင့်များမှ ရင်းနှီးမြှုပ်နှံနိုင်သည့်ရရန်ပိုင်ခွင့်အမျိုးအစားများဖြစ်ကြောင်း သိရှိရပါသည်။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်သူက တင်ပြလာသည့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား ဤညွှန်ကြားချက်နှင့်အညီလုပ်ဆောင်ခြင်းရှိ မရှိစိစစ်ရမည်ဖြစ်ပြီး အာမခံလုပ်ငန်းလုပ်ကိုင်သူက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား လျှောက်ထားတင်ပြလာပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် စတင်လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်ဟုလည်း သိရှိရပါသည်။

အာမခံလုပ်ငန်းလုပ်ကိုင်လိုသူများသည် ဘဏ္ဍာရေးနှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၏ ဆောင်ရွက်ချက်ရလဒ်များအား ကြွေးမြီပေးဆပ်နိုင်စွမ်း ညွှန်ကြားချက်နှင့်အညီ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များအား သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၃)　　၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

## Sunrise Law အကြောင်း တစေ့တစောင်း

"Sunrise Law"ဆိုသည့်စကားရပ်ကို မြန်မာဘာသာဖြင့်"ရောင်ခြည်တက်ဥပဒေ"၊ "အရုဏ်တက် ဥပဒေ" သို့မဟုတ် "နေထွက်ဥပဒေ"စသည်ဖြင့် အမည်အမျိုးမျိုးသတ်မှတ်ခေါ်ဝေါ်ကြပြီး "ချက်ချင်း အာဏာမတည်သောဥပဒေ" ကိုဆိုလိုခြင်းဖြစ်ပါသည်။ ထို့ပြင် "Sunrise Law" ကို " Delayed Implementation Law " ဟုလည်း ခေါ်ဝေါ်သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။

Lexisnexis.co.uk တွင် "A Sunrise clause or sunrise provision a provision that secures that if a particular Act or Section of an Act has not been commenced." ဟုလည်းကောင်း၊ http://www.lawinsider.com တွင် "Sunrise clause means the law has two stages . The First stage gives public authorities time to make sure their policies and practice fit with the UNCRC. At the end of this stage, Public authorities would automatically be under a duty to comply on a date set out in the law." ဟုလည်းကောင်း ဖော်ပြထားသည်။

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၃၊ပုဒ်မခွဲ (ခ)တွင် "ဥပဒေ တရပ်ရပ်တွင် ယင်းဥပဒေအာဏာတည်သည့်နေ့ရက်ကို အတိအလင်းသတ်မှတ်ထားခြင်းမရှိလျှင် ယင်းဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ကြေညာသည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။" ဟုလည်းကောင်း၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)တွင် "ဥပဒေတရပ်ရပ်တွင် မည်သည့်နေ့ရက်မှစ၍အာဏာတည်စေရမည်ဟု ဖော်ပြထားလျှင် ယင်းဥပဒေသည် စတင်အာဏာ တည်ရမည့်နေ့သို့ကူးသည်နှင့်တစ်ပြိုင်နက် အာဏာတည်စေရမည်။" ဟုလည်းကောင်း ပြဋ္ဌာန်းထား ပါသည်။

"Sunrise Law" သို့မဟုတ် "Sunrise provision" ဆိုသည်မှာ ဥပဒေတစ်ရပ် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သတ်မှတ်သည့်အချိန်ကျရောက်ချိန်၌ စတင်အာဏာသက်ရောက်ကြောင်း ပြဋ္ဌာန်းချက်ကိုဆိုလိုခြင်းဖြစ်ပြီး ယင်းဥပဒေတွင် အာဏာစတင်သက်ဝင်မည်ဆိုသောရက်စွဲကို

ကြိုတင်သတ်မှတ်၍ ယင်းရက်စွဲမှစတင်ပြီး ထိုဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်သည်အာဏာသက်ဝင်လာခြင်းဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများတွင် "Sunrise Law" ကို နည်းလမ်းမျိုးစုံဖြင့်အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ "Sunrise Law" သည် နိုင်ငံရေး၊ လူမှုရေးနှင့်စီးပွားရေးမူဝါဒများ ဆိုးကျိုးသက်ရောက်မှုကို လျှော့ချပေးရန်နှင့် သက်ဆိုင်သူများအား ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အချိန်ကာလတစ်ခုသတ်မှတ်ပေးထားခြင်းဖြစ်ပါသည်။

ဥပမာအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းကပင် အိန္ဒိယနိုင်ငံတွင် "Sunrise Law" အဖြစ် THE ENVIRONMENT (PROTECTION) ACT,1986 ,Section 1(3) တွင် It shall come into force on such date as the Central Government may , by notification in the Official Gazette, appoint and different dates may be appointed for different provisions of this Act and for different areas. ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် "Sunrise Law" သို့မဟုတ် "Sunrise provision" အဖြစ် ဥပဒေတစ်ချို့တွင် ထည့်သွင်း ပြဋ္ဌာန်းထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ) တွင် "ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။"
- ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ)တွင် "ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။"
- ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၂ တွင် "ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။"

ထို့ပြင် ဘဏ္ဍာရေးနှစ်အလိုက်ပြဋ္ဌာန်းသည့်ဥပဒေများ၊ နည်းဥပဒေများ မပြဋ္ဌာန်းမီ အကောင်အထည် မဖော်နိုင်သည့်ဥပဒေများ၊ ဥပဒေများပြဋ္ဌာန်းပြီး စီမံခန့်ခွဲရေးအရ ချက်ချင်းအကောင်အထည် မဖော်နိုင်သည့်ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်အသစ်ပြဋ္ဌာန်းသည့်ဥပဒေများ စသည်တို့တွင် မည်သည့် နေ့ရက်မှစ၍ အာဏာတည်ရမည်ဟု ပြဋ္ဌာန်းလေ့ရှိသည်ကို တွေ့ရှိရပြီး ဥပဒေပါအခန်းခေါင်းစဉ် တွင်လည်း “စတင်အာဏာတည်ခြင်း” ဆိုသည့်စကားရပ်ကို ဖော်ပြလေ့ရှိကြောင်း တွေ့ရှိရသဖြင့် ယင်းဖော်ပြချက်သည် “Sunrise Law” သို့မဟုတ် “Sunrise provision” ပင်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၃) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

# ပြည်တွင်းတွင် ထုတ်လုပ်သောကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းအရည်အသွေးမြင့်ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ရန် ပြည်ပဈေးကွက် ပိုမိုရရှိရန်နှင့် ထုတ်လုပ်သူများ၏ရောင်းဈေးပိုမိုရရှိစေရန်အလို့ငှာ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်းတွင်ထုတ်လုပ်သော ကုန်ပစ္စည်း အချို့ကို နိုင်ငံခြားကုမ္ပဏီများအားတင်ပို့ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာကို ၁၇-၁၂-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၂၄ အရ နိုင်ငံခြားကုမ္ပဏီများအား တစ်ဆင့်မြင့်ပြုပြင် ထုတ်လုပ်သည့်အသား၊ ငါးနှင့်ရေထွက်ကုန်များ၊ တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့်ကောက်ပဲ သီးနှံများ၊ ပျော့ဖတ်နှင့်စက္ကူအမျိုးမျိုး၊ မျိုးစေ့၊သန့်စင်ထားသည့်သတ္တုရိုင်းများ၊ သစ်သီးဝလံ၊ ပန်းမန် ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော သို့မဟုတ် ကုန်ချော ပစ္စည်းများ၊ သစ်အခြေခံပရိဘောဂများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြု ကုန်စည်များအား ကိုယ်တိုင်ထုတ်လုပ်ရန်ဖြစ်စေ၊ ထုတ်လုပ်သူများထံမှတစ်ဆင့် ဝယ်ယူရန်ဖြစ်စေ ပြည်ပသို့တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၆-၆-၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ နှင့် ၂၀-၇-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၃) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

## ASEAN တွင် ပင်လယ်ရေကြောင်းဆိုင်ရာ နယ်နိမိတ်ဆွေးနွေးပွဲများစတင်နိုင်မည့် ဖိလစ်ပိုင်နိုင်ငံ၏ ဥပဒေသစ် (Maritime Zones Act ) ကို တရုတ်နိုင်ငံက ကန့်ကွက်ခြင်း

ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ ဖာဒီနန်မာကိုစ်သည် Maritime Zones Act ဟုခေါ်သော ပင်လယ်နယ်နိမိတ်ဆိုင်ရာဥပဒေသစ်တစ်ရပ်ကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့(သောကြာနေ့)တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေသည် တောင်တရုတ်ပင်လယ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏အချုပ်အခြာအာဏာကိုအတည်ပြုသည့်အချက်များပါဝင်ပါသည်။ အဆိုပါအခြေအနေကြောင့် တရုတ်နိုင်ငံက ယင်းဥပဒေကိုဆန့်ကျင်သည့်သဘောထားကို ထုတ်ဖော်ပြသခဲ့ပြီး ဖိလစ်ပိုင်၏လုပ်ဆောင်ချက်သည် နယ်မြေအငြင်းပွားမှုများကို ပိုမိုဆိုးရွားစေသည့်အန္တရာယ်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

Maritime Zones Act ၏ အဓိကအချက်အလက်များအရ ဖိလစ်ပိုင်အနေဖြင့် အာဏာနှင့် ထိန်းချုပ်ခွင့်ကိုကျင့်သုံးနိုင်သော နယ်နိမိတ်များကို အတိအကျဖော်ပြထားပါသည်။ ထို့ပြင် Archipelagic Sea Lanes Act ကိုလည်း တစ်ပြိုင်တည်းလက်မှတ်ရေးထိုးခဲ့ပြီး ဖိလစ်ပိုင်ရေပြင်များကို ဖြတ်ကျော်သွားနိုင်သည့် နိုင်ငံတကာသင်္ဘောလမ်းကြောင်းများကို သတ်မှတ်ပေးထားပါသည်။ ပေကျင်းတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဥပဒေအသစ်များကိုရှုတ်ချကြောင်း ဖိလစ်ပိုင်နိုင်ငံသံအမတ်ကိုခေါ်ယူပြီး ပြင်းပြင်းထန်ထန်အသိပေးခြင်း ပြုလုပ်ခဲ့ပါသည်။

နှစ်စဉ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ထရီလီယံကျော်ရှိသည့် တောင်တရုတ်ပင်လယ်၏ မဟာဗျူဟာကျသောရေကြောင်းလမ်း၏ ၉၀% နီးပါးအား ပိုင်ဆိုင်မှုရရှိရန် ပေကျင်း၏တောင်းဆိုမှုအပေါ် နိုင်ငံတကာခုံရုံးကပယ်ချပြီးနောက် ရှစ်နှစ်အကြာတွင် အဆိုပါရေကြောင်းဥပဒေသစ်နှစ်ခု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖိလစ်ပိုင်ရေပိုင်နက်ကျွမ်းကျင်သူများနှင့်တာဝန်ရှိသူများက တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ် စီရင်ချက်ကိုလျစ်လျူရှုထားသောကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ရေပိုင်နက်နှင့် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများကိုကာကွယ်ရန်အတွက် နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရေကြောင်းဇုန်များကို

ခွဲခြားသတ်မှတ်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ၏အခွင့်အရေးကိုကျင့်သုံးခြင်းဖြင့် ဥပဒေပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်ရေကြောင်းရေးရာနှင့် ပင်လယ်ပြင်ဥပဒေတက္ကသိုလ်မှ အမှုဆောင်ဒါရိုက်တာ ဂျေးဘာတွန်ဘာကာက တရုတ်၏ကန့်ကွက်မှုကိုပယ်ချခဲ့သည့်အပြင် ဥပဒေများသည် အားနည်းသူများအပေါ် တစ်ဖက်သတ်ဖိနှိပ်ချုပ်ချယ်ခြင်းထက် ပင်လယ်ပြင်ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများကို တရားမျှတပြီး ညီမျှစွာခွဲဝေပေးမှုကိုဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပင်လယ်ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သူ Julio Amador III က အဆိုပါဥပဒေသည် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနယ်နိမိတ်များကို တရားဝင်အခြေခံအချက်အနေဖြင့် ဆွေးနွေးရန်နှင့် လက်ခံနိုင်သောသဘောတူညီချက်များရှာဖွေရန် လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း Philstar.com သို့ ပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၌ မနီလာနှင့် ဂျာကာတာတို့သည် Mindanao နှင့် Celebes Seas တွင် တစ်ဦးနှင့်တစ်ဦး ပိုင်ဆိုင်ခွင့်နယ်နိမိတ်များကိုသတ်မှတ်ပြီး နှစ် ၂၀ ကြာခဲ့သောအငြင်းပွားမှုကို ဖြေရှင်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းဆိုင်ရာ နယ်နိမိတ်များသတ်မှတ်ခြင်းသည် ဖိလစ်ပိုင်၏ပထမဆုံး ပင်လယ်နယ်နိမိတ်သဘောတူစာချုပ်ဖြစ်ပြီး ၁၉၉၄ ခုနှစ်၌ စတင်လုပ်ဆောင်ခဲ့ကာ ၂၀၁၄ ခုနှစ်၌ လက်မှတ်ရေးထိုးပြီး ၂၀၁၉ ခုနှစ်၌ သက်ဝင်ခဲ့ပါသည်။ ဖိလစ်ပိုင်သမ္မတက ဤစာချုပ်ကို တခြားအာဆီယံနိုင်ငံများနှင့်နယ်နိမိတ်သတ်မှတ်ဆွေးနွေးမှုအတွက် "နမူနာ"တစ်ခုအဖြစ်ဖော်ပြခဲ့ပါသည်။ ဖိလစ်ပိုင်ရေကြောင်းကောင်စီက ဖိလစ်ပိုင်ဥပဒေသည် ဖိလစ်ပိုင်နိုင်ငံ၏အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ရန်နှင့် ဖိလစ်ပိုင်ရေပိုင်နက်ဆိုင်ရာတရားစီရင်ရေးစီရင်ပိုင်ခွင့်နယ်ပယ်နှင့်စပ်လျဉ်း၍ စီရင်ပေးမည့် "မရှိမဖြစ်လမ်းညွှန်ချက်များ"ဖြစ်ပြီး ပင်လယ်ရေကြောင်းအတွက် အနာဂတ်ဥပဒေသစ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်၏ဥပဒေသစ်သည် တရုတ်နိုင်ငံ၏ဆန့်ကျင်သည့်သဘောထားကြောင့် တောင်တရုတ်ပင်လယ်အတွင်း နယ်နိမိတ်ဆိုင်ရာအငြင်းပွားမှုများပိုမိုပြင်းထန်လာနိုင်သဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း နယ်နိမိတ်ဆိုင်ရာအငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်နှင့်ဒေသတွင်းတည်ငြိမ်ရေးကိုထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.philstar.com/headlines/2024/11/09/2398882/china-protests-new-philippine-law-could-start-asean-maritime-border-talks

## အမေရိကန်ပြည်ထောင်စု၏ "တရားမဝင်တရားရုံးကို တန်ပြန်အရေးယူရေးအက်ဥပဒေ" (Illegitimate Court Counteraction Act) ဥပဒေကြမ်း

နိုင်ငံတကာရာဇဝတ်တရားရုံး(ICC)က ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် Benjamin Netanyahu နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း Yoav Gallant တို့အပေါ် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုသည် ICC အား ပိတ်ဆို့အရေးယူနိုင်မည့် တရားမဝင်တရားရုံးကိုတန်ပြန်အရေးယူရေးအက်ဥပဒေ (Illegitimate Court Counteraction Act) ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ICC က အစ္စရေးနိုင်ငံဝန်ကြီးချုပ် Benjamin Netanyahu နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း Yoav Gallant တို့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၈ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်အတွင်းတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့ကြောင်း၊ အထူးသဖြင့် အစ္စရေးသည် အရပ်သားပြည်သူများအား တမင်တကာ ပစ်မှတ်ထားကာတိုက်ခိုက်မှု၊ အစာရေစာနှင့်ဆေးဝါးဖြတ်တောက်၍ ငတ်မွတ်ခေါင်းပါးစေခြင်းကို စစ်ပွဲ၏နည်းလမ်းတစ်ရပ်အဖြစ် အသုံးချမှု၊ အရပ်သားပြည်သူများကိုကြီးစွာသောဆင်းရဲဒုက္ခရောက်စေခြင်းနှင့် ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံမှုတို့ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်များဖြင့် ဖမ်းဝရမ်းထုတ်ဆင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသို့ဖမ်းဝရမ်းထုတ်ဆင့်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတ Biden က ICC ၏ အခြေအမြစ်မရှိသော၊ လက်ခံနိုင်ဖွယ်မရှိသောစွဲချက်များကို လုံးဝကန့်ကွက်ကြောင်း၊ တရားရုံး၏ ထိုကဲ့သို့ တရားမဝင်သည့်ဆောင်ရွက်ချက်များအပေါ် ထောက်ခံသူများကို ပြစ်ဒဏ်များချမှတ်နိုင်ရေး တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်ဟု သိရှိရပါသည်။

ထို့ကြောင့် ICC အား ပိတ်ဆို့အရေးယူမည့်ဥပဒေကြမ်းဖြစ်သောတရားမဝင်တရားရုံးကိုတန်ပြန်အရေးယူရေးအက်ဥပဒေ (Illegitimate Court Counteraction Act) ကို အမေရိကန်အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ မဲပေးသူ ၂၄၃ ဦးအနက် ထောက်ခံမဲ ၁၄၀ မဲရရှိခဲ့ကြောင်း၊ ဒီမိုကရက်တစ်အမတ်

၄၅ ဦးသည်လည်း ယင်းဥပဒေကြမ်းကိုထောက်ခံရာတွင် ရီပက်ဘလစ်ကန်အမတ်များနှင့် ပူးပေါင်းခဲ့ကြကြောင်း ၊ ရီပက်ဘလစ်ကန်အမတ်များက ကန့်ကွက်မဲပေးမှုမရှိကြောင်း သိရှိရပါသည်။

တရားမဝင်တရားရုံးကိုတန်ပြန်အရေးယူရေးအက်ဥပဒေ (Illegitimate Court Counteraction Act) သည် အမေရိကန်ပြည်ထောင်စု၏မိတ်ဖက်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံ၏ခေါင်းဆောင်များကို တရားမဝင်တရားစွဲဆိုခြင်း၊ အမေရိကန်နိုင်ငံသားများနှင့်အခြားမိတ်ဖက်နိုင်ငံများ၏နိုင်ငံသားများကို နောက်ထပ်တရားစွဲဆိုရန် အလားအလာရှိမှုများအတွက် တာဝန်ရှိသူများအပေါ် ပစ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် အမေရိကန်နိုင်ငံသားများနှင့် ၎င်းတို့၏မဟာမိတ်နိုင်ငံသားများကို တရားမျှတမှုမရှိစွာတိုက်ခိုက်နေပါက လက်ခံမည်မဟုတ်ဟု ICC ကို အသိပေးခြင်းဖြစ်ကြောင်း အမေရိကန်-အစ္စရေးပြည်သူ့ရေးရာကော်မတီက ထုတ်ပြန်သည့် ဥပဒေကြမ်းအနှစ်ချုပ်အရ သိရှိရပါသည်။

ယင်းထုတ်ပြန်ချက်တွင် အစ္စရေးအနေဖြင့်အရပ်သားများကို တမင်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အရပ်သားထိခိုက်မှုကိုနည်းစေရန် ဆောင်ရွက်ခဲ့ကြောင်း၊ ငတ်မွတ်ခေါင်းပါးစေခြင်းနည်းလမ်းများကိုလည်း အသုံးပြုခဲ့ခြင်းမရှိကြောင်း၊ ဂါဇာကမ်းမြောင်ဒေသတွင် များစွာသောအကူအညီများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ICC ၏စွပ်စွဲချက်များသည် လက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် ဥပဒေအရ အခြေအမြစ်မရှိကြောင်း၊ ထို့ပြင် ICC သည် အစ္စရေးနှင့်ဂါဇာဖြစ်ရပ်တို့အပေါ် စီရင်ပိုင်ခွင့်မရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့်အစ္စရေးတို့သည် ICC ၏ အဖွဲ့ဝင်နိုင်ငံများမဟုတ်ကြောင်း၊ ပါလက်စတိုင်းသည်လည်း တရားရုံး၏စီရင်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ လက်ခံနိုင်သည့်နိုင်ငံတစ်နိုင်ငံမဟုတ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

အစ္စရေးအပေါ် ICC ၏တိုက်ခိုက်မှုသည် အနာဂတ်ကာလတွင် အမေရိကန်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်ရန် အသုံးပြုလာနိုင်သည့်အန္တရာယ်ရှိသော သာဓကတစ်ခုဖြစ်ကြောင်း၊ ICC ကို စတင်တည်ထောင်စဉ်ကပင် အမေရိကန်ဒီမိုကရက်တစ် သို့မဟုတ် ရီပက်ဘလစ်ကန်သမ္မတများသည် အမေရိကန်ပြည်ထောင်စု၏နိုင်ငံသားများနှင့်စစ်သားများအပေါ် ခြိမ်းခြောက်နိုင်သည့် စစ်ဆေး

စီရင်ခြင်းများကိုဖြစ်စေနိုင်သောကြောင့် ICC သို့ မဝင်ရောက်ရန် ဆုံးဖြတ်ကြခြင်းဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် ယင်းဆုံးဖြတ်ချက်ကိုခိုင်မာစေခဲ့ကြောင်း အမေရိကန်-အစ္စရေးပြည်သူ့ရေးရာကော်မတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိပါသည်။

ထို့ကြောင့် ICC အား ပိတ်ဆို့အရေးယူမည့်ဥပဒေကြမ်းဖြစ်သော တရားမဝင်တရားရုံးကို တန်ပြန်အရေးယူရေးအက်ဥပဒေ (Illegitimate Court Counteraction Act)အရ "အကာအကွယ်ရရှိသည့်သူများကို တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်သည့် ICC ၏ကြိုးပမ်းအားထုတ်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် အကူအညီပေးခြင်းပြုကြသည့်ပုဂ္ဂိုလ်များအပေါ် ပိတ်ဆို့အရေးယူသွားမည်ဖြစ်ကြောင်း၊ အကာအကွယ်ရရှိသည့်သူများဆိုရာတွင် အမေရိကန်နိုင်ငံသား၊ ICC ၏စီရင်ပိုင်ခွင့်ကို လက်မခံသည့် မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့ (NATO)အဖွဲ့ဝင်နှင့် NATO အဖွဲ့ဝင်မဟုတ်သည့်မိတ်ဖက်နိုင်ငံများမှ နိုင်ငံသားများပါဝင်ကြောင်း၊ ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများကို ထိန်းချုပ်ကန့်သတ်ခြင်းနှင့် ဗီဇာပိတ်ပင်ခြင်းဖြင့် ပိတ်ဆို့အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ICC သို့ ငွေကြေးထောက်ပံ့မှုကို ဖျက်သိမ်းခြင်း၊ နောက်ထပ်ငွေကြေးထောက်ပံ့မှုကိုတားမြစ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း" သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.aipac.org/resources/icc-act-hr-23?format=amp
- https://www.aljazeera.com/amp/news/2025/1/9/us-house-votes-to-advance-bill-to-sanction-icc-over-israel-arrest-warrants

## ဖိလစ်ပိုင်နိုင်ငံကပြဋ္ဌာန်းခဲ့သည့် ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေအသစ်များအား တရုတ်နိုင်ငံက ကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် အငြင်းပွားမှုဖြစ်ပေါ်နေသောနေရာနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံကပြဋ္ဌာန်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာနယ်နိမိတ်များအား သတ်မှတ်သောပင်လယ်ရေကြောင်းဆိုင်ရာဥပဒေအသစ် နှစ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ကြောင်း ဖော်ပြခဲ့ပါသည်။

The Philippine Maritime Zones Act ( RA 12064)နှင့် The Philippine Archipelagic Sea Lanes Act( RA 12065)တို့အား သမ္မတကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာဇုန်များအတွင်း နိုင်ငံ၏အခွင့်အရေးများနှင့်တာဝန်များအတွက် ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့ပါသည်။

အဆိုပါဥပဒေသစ်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမှပြောရေးဆိုခွင့်ရှိသူက အဆိုပါဥပဒေသစ်များသည် တောင်တရုတ်ပင်လယ်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာအခွင့်အရေးနှင့် ပိုင်နက်နယ်မြေအချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ United Nations Convention on the Law of the Sea (UNCLOS) အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ခိုင်မာသောဥပဒေသမိုင်းကြောင်းတည်ရှိပါလျက် တရုတ်နိုင်ငံ၏ပင်လယ်ရေကြောင်းဆိုင်ရာအခွင့်အရေးနှင့်အချုပ်အခြာအာဏာကိုထိပါးခြင်းဖြစ်၍ တရုတ်နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါဥပဒေကိုရှုတ်ချကြောင်း ညီလာခံတွင် ပြောကြားခဲ့ကြောင်းနှင့် The Philippine Archipelagic Sea Lanes Act နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များအတိုင်း ဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များကို ဝေဖန်ခဲ့ကြပါသည်။ တရုတ်နိုင်ငံက အပြည်ပြည်ဆိုင်ရာဥပဒေနှင့် UNCLOS အရ စာချုပ်ဝင်များ၏ အခွင့်အရေးများကိုလိုက်နာရန် ဖိလစ်ပိုင်နိုင်ငံအား တိုက်တွန်းခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၃) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

The Philippine Maritime Zones Act သည် နိုင်ငံ၏ internal waters, territorial sea, contiguous zones, exclusive economic zone (EEZ) နှင့် continental shelf အပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာဇုန်များအားသတ်မှတ်ရန်ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

The Philippine Archipelagic Sea Lanes Act သည် ဖိလစ်ပိုင်ရေပိုင်နက်မှ နိုင်ငံခြားသင်္ဘောများ၊ လေယာဉ်များဖြတ်သန်းရန်အတွက် ပင်လယ်လမ်းကြောင်းနှင့် လေယာဉ်ပျံသန်းသည့်လမ်းကြောင်းများ သတ်မှတ်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

Permanent Court of Arbitration ( PCA ) က ဆုံးဖြတ်ခဲ့သည့် ၂၀၁၆ ခုနှစ် စီရင်ထုံးအရ ပင်လယ်ရေကြောင်းဆိုင်ရာအငြင်းပွားမှုတောင်းဆိုမှုများတွင် တောင်တရုတ်ပင်လယ်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာတောင်းဆိုမှုအချို့သည် ဥပဒေနှင့်မညီကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံက အနုညာတဖြေရှင်းခြင်းနည်းလမ်းဖြင့် စတင်ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် UNCLOS အားချိုးဖောက်ခြင်းသာဖြစ်သည်ဟုဆိုကာ တရုတ်နိုင်ငံက ငြင်းပယ်ခဲ့ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.ju

rist.org/news/2024/11/china-objects-to-philippines-new-maritime-laws/

## တောင်တရုတ်ပင်လယ်ကျောက်တန်းတိုးချဲ့လာသဖြင့် မလေးရှားနိုင်ငံက ဗီယက်နမ်နိုင်ငံအပေါ် တိုင်ကြားချက်နှင့်စပ်လျဉ်း၍ တင်ပြခြင်း

မလေးရှားနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ နှစ်နိုင်ငံလုံးက ပိုင်ဆိုင်ခွင့်တောင်းဆိုနေသည့်တောင်တရုတ်ပင်လယ်ကျောက်တန်းနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံက တိုးချဲ့လာသည့်အပေါ် မလေးရှားနိုင်ငံက ဗီယက်နမ်နိုင်ငံသို့ ကန့်ကွက်ချက် ပေးပို့ခဲ့ပါသည်။ အဆိုပါဆောင်ရွက်ချက်သည် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား မကြာခဏအငြင်းပွားမှုဖြစ်စဉ်တွင်ပါဝင်သော တရုတ်နိုင်ငံ၊ ပေကျင်းက အချုပ်အခြာအာဏာအဖြစ်တောင်းဆိုသည့် မဟာဗျူဟာကျသည့်ရေလမ်းကြောင်းတွင် များစွာသော အငြင်းပွားမှုများ ထပ်မံဖြစ်ပေါ်စေခဲ့ပါသည်။ အငြင်းပွားမှုအဖြစ်အများဆုံးမှာ တရုတ်၊ ထိုင်ဝမ်၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့်ဖိလစ်ပိုင်တို့မှပိုင်ဆိုင်၍ အမျိုးမျိုးသောတောင်းဆိုမှုများရှိသည့် Spratly archipealago အနီးတဝိုက်ဖြစ်ပါသည်။

အောက်တိုဘာလ အစောပိုင်းတွင် မလေးရှားနိုင်ငံက ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနထံ ကန့်ကွက်စာပေးပို့ခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ကြောင်း၊ ကျွန်းစုများရှိသောကျွန်းတွင် ဗီယက်နမ်က များစွာသောအဆောက်အအုံများဆောက်လုပ်ကြောင်း ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာရေးစင်တာက လေ့လာခဲ့သည့် ဂြိုလ်တုမှဓာတ်ပုံများ၏ထုတ်ပြန်ချက်အရ Barqye Cabda Reef အား ချဲ့ထွင်လာခြင်းအပေါ် ကန့်ကွက်ခြင်းဖြစ်ပါသည်။

အောက်တိုဘာလ နှောင်းပိုင်းတွင် Radio Free Asia က ဗီယက်နမ်သည် ကျောက်တန်းပေါ်တွင် လေယာဉ်ပြေးလမ်းတည်ဆောက်နေကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းပြန်ကြားရန်တောင်းဆိုမှုအပေါ် သဘောထားပြန်ကြားမှုမပြုခဲ့ကြောင်း၊ ထုတ်ပြန်ခဲ့သည့်စာများအရ ကျွန်းငယ်အား ချဲ့ထွင်မှုအပေါ်တွင်သာ ဝေဖန်ခြင်းဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ခြင်းအပေါ် ပြောကြားခြင်းမရှိပါ။

လွန်ခဲ့သောနှစ်များစွာက သေးငယ်သောကျွန်းများပေါ်တွင် တည်ဆောက်ရေးများ သိသိသာသာများလာကာ နိုင်ငံများက ၎င်းတို့၏နယ်နိမိတ်များအားတောင်းဆို၍ အဆိုပါကျွန်းတွင် လူသားများအခြေချနေထိုင်၍ထိန်းသိမ်းထားကြောင်း သက်သေပြလာကြပါသည်။

တရုတ်နိုင်ငံကလည်း ကျွန်းစု ၇ ကျွန်းပေါ်တွင် ပြေးလမ်းများ၊ သင်္ဘောဆိပ်ကမ်းများ၊ လေကြောင်းထိန်းသိမ်းရေးမျှော်စင်များနှင့် ဒုံးကျည်များတည်ဆောက်ခြင်းတို့အား ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၏ဆောင်ရွက်ချက်များသည်လည်း နိုင်ငံများ၏အာရုံစိုက်ခံရမှုများအား မြင့်တက်စေခဲ့ပါသည်။

မလေးရှားနှင့်ဗီယက်နမ်နိုင်ငံအကြား နယ်နိမိတ်ပြဿနာမှာ ရှားပါးသောကိစ္စရပ်ဖြစ်သော်လည်း မလေးရှားနိုင်ငံအနေဖြင့် ၎င်း၏သီးသန့်စီးပွားရေးဇုန်အတွင်း ဗီယက်နမ်ငါးဖမ်းသမားများ ငါးဖမ်းခြင်းနှင့်စပ်လျဉ်း၍ သင်္ဘောသားများအားဖမ်းဆီးသည့်သတင်းကို ပုံမှန်ထုတ်ပြန်လေ့ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

http://www.bangkokpost.com/world/2895778/malaysia-complains-to-vietnam-over-south-china-sea-reef- expansion

## သုံးစွဲသူများအပေါ် ကျသင့်ငွေထက်ပိုမိုတောင်းခံမှုများအတွက် တောင်းဆိုသည့် တရားမမှုစွဲဆိုမှုကို Apple က ဗြိတိန်နိုင်ငံတရားရုံးတွင် ရင်ဆိုင်နေရခြင်း

Apple သည် သုံးစွဲသူများအား ကျသင့်ငွေထက်ပိုမိုတောင်းခံသည့်အတွက် ဗြိတိန်နိုင်ငံ ယှဉ်ပြိုင်မှုအယူခံခုံရုံးတွင် တရားမမှုစွဲဆိုမှုဖြင့် ရင်ဆိုင်နေရပါသည်။

များစွာသောသီးခြားတောင်းဆိုမှုများကိုကိုယ်စားပြုသည့် Rachael Kent-Aitken သည် ၁၉၉၈ ခုနှစ် ယှဉ်ပြိုင်မှုအက်ဥပဒေ ပုဒ်မ ၄၇(ခ) အရ စုပေါင်းအရေးယူဆောင်ရွက်မှုကို ဆောင်ရွက်ခဲ့ပြီး အဆိုပါဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်သူများ၌ တူညီသောတောင်းဆိုချက်တစ်ခုရှိကြောင်း ပြသရမည်ဖြစ်ပါသည်။

ထိုကိစ္စတွင် ဗြိတိန်မှသုံးစွဲသူ သန်း ၂၀ ကို စတိုးဆိုင်အတွင်းဝယ်ယူမှုအတွက် Apple မှ ကျသင့်ငွေထက်ပိုမိုတောင်းခံခဲ့ပြီး အဆိုပါတောင်းခံမှုသည် မျှတမှုမရှိ၊ ဥပဒေနှင့်မညီဘဲ မှားယွင်းကြောင်း Kent က ပြောကြားခဲ့ပါသည်။ Kent က တရားမမှုစွဲဆိုမှုတွင် Apple သည် ယင်း၏ ကျော်ကြားမှုကို အလွဲသုံးစားပြုလုပ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းသည် ၂၀၂၀ ပြည့်နှစ်တိုင်အောင် အာဏာသက်ဝင်နေသည့် Treaty of the Functioning of the European Union ၏ ပုဒ်မ ၁၀၂ နှင့် ၁၉၉၈ ခုနှစ် ယှဉ်ပြိုင်မှုအက်ဥပဒေပုဒ်မ ၁၈ တို့ကိုဖောက်ဖျက်ကြောင်းစွပ်စွဲထားပါသည်။ Apple သည် iPhone နှင့် iPads များအတွက်တစ်ခုတည်းသော app ဈေးကွက်ကို ထိန်းချုပ်ထားသောကြောင့် Apple သည် ယှဉ်ပြိုင်မှုများကိုတားဆီးပြီး သုံးစွဲသူများအား ကျသင့်ငွေထက်ပိုမိုတောင်းခံနေသည်ဟု Kent က သုံးသပ်ခဲ့ပါသည်။

Apple သည် app ဝယ်ယူရသည့်ဈေးနှုန်းတွင် အပိုကျသင့်ငွေအဖြစ် iOS၊ iPadOS၊ watchOS နှင့် macOS App Store တွင်ဝယ်ယူမှုများအတွက် ဝန်ဆောင်ခ ၃၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ပြီး ဤဝယ်ယူမှုအခကြေးငွေသည် အခမဲ့ app များအပေါ် သက်ရောက်မှုမရှိကြောင်း၊ Apple ၏ ထည့်ဝင်ကြေးပေးသွင်းခသည် ၃၀ရာခိုင်နှုန်းမှ၁၅ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး Apple အခွန်ကို ပိုမိုမြင့်မားသောဈေးနှုန်းများဖြင့် သုံးစွဲသူများက ပေးဆောင်နေရကြောင်း ဖော်ပြထားပါသည်။

Apple က အဆိုပါတရားစွဲဆိုမှုသည် အကျိုးမရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပေးခဲ့ကြောင်း သိရှိရပါသည်။

Kent ၏တောင်းဆိုမှုအောင်မြင်ပါက အိုင်ယာလန်တွင် ဥရောပသမဂ္ဂမှ Apple အပေါ် စီရင်ဆုံးဖြတ်မှုနှင့်တူညီစွာ စုပေါင်းတရားစွဲဆိုမှုတွင် ပါဝင်သောလူပေါင်းသန်း ၂၀ သည် ပေါင် 1.5 ဘီလီယံကျော်ကို ခွဲဝေယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/01/apple-appears-in-uk-court-for-overcharging-customers-in-class- action-lawsuit/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၃)
၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

